# နှစ်တိုပရီမီယံတစ်ကြိမ်ပေးချေးငွေအသက်အာမခံ

ငွေချေးယူသူတစ်ဦးအနေဖြင့်သေဆုံးခြင်း၊ထာဝစဉ်မသန်စွမ်းဖြစ်ခြင်းတို့ကြောင့်ချေးယူထားသော ငွေကို ပြန်လည်ပေးဆပ်နိုင်ခြင်းမရှိမှုများအတွက် အကာအကွယ်ပေးသော အာမခံအမျိုးအစားဖြစ်ပါသည်။

နှစ်တိုပရီမီယံတစ်ကြိမ်ပေးချေးငွေအသက်အာမခံတွင် အာမခံထားငွေကို တဖြည်းဖြည်းလျော့ချသည့် (Decreasing Sum Insured) ပုံစံ နှင့် ပုံသေ (Fixed Sum Insured) ပုံစံဟူ၍ နှစ်မျိုးခွဲခြား ဝယ်ယူနိုင်ပါသည်။

| | | |
|---|---|---|
| အာမခံထားနိုင်သူ | - | အသက် (၁၈) နှစ်မှ (၆၄) နှစ်အတွင်းရှိသူများ။ |
| အာမခံသက်တမ်း | - | (၁) နှစ် (သို့မဟုတ်) (၂) နှစ် |
| အာမခံထားငွေ | - | အနည်းဆုံး ကျပ်(၁) သိန်း မှ အများဆုံး ကျပ်သန်း(၁၀၀)။ |
| ပရီမီယံနှုန်း | - | အာမခံထားသူ၏အသက်၊ အာမခံထားငွေပေါ်မူတည်၍ အာမခံထားသည့် သက်တမ်းအလိုက် ပရီမီယံနှုန်းအား တွက်ချက်ပေးရမည် ဖြစ်ပါသည်။ |

*အာမခံထားငွေ ကျပ်သိန်း (၃၀) အထက် ထားရှိမည်ဆိုပါက အာမခံထားသူသည် ကျန်းမာရေးစစ်ဆေးရန်လိုအပ်ပါသည်။*

**နှစ်တိုပရီမီယံတစ်ကြိမ်ပေးချေးငွေ အသက်အာမခံထားခြင်းဖြင့် ရရှိနိုင်သော အကျိုးခံစားခွင့်များ**

(၁) မမျှော်လင့်သော ဖြစ်ရပ်ကြောင့် ငွေချေးယူသူ သေဆုံး/ထာဝစဉ်မသန်စွမ်း ဖြစ်ခဲ့လျှင် ငွေချေးသည့် ဘဏ်/ငွေရေးကြေးရေး အဖွဲ့အစည်းမှချေးငွေပြန်လည်ရရှိခြင်း။

(၂) မမျှော်လင့်သော ဖြစ်ရပ်ကြောင့် ငွေချေးယူသူ သေဆုံး/ထာဝစဉ်မသန်စွမ်းဖြစ်ခဲ့လျှင် ၎င်း၏မိသားစုအနေဖြင့် အရစ်ကျဝယ်ယူထားသော ပိုင်ဆိုင်မှုအတွက် ဆက်လက်ပေးဆပ်ရန် ပူစရာမလိုခြင်း။

(၃) ပေးသွင်းသည့် ပရီမီယံပေါ်တွင် ဝင်ငွေခွန်သက်သာခွင့်ရှိခြင်း။

**အကျိုးခံစားခွင့်မရရှိနိုင်သည့်ကိစ္စများ**

အာမခံထားသူသည် အောက်ဖော်ပြပါ အကြောင်းကိစ္စများကြောင့် သေဆုံးခဲ့လျှင်သော်လည်းကောင်း၊ ထာဝစဉ်မသန်စွမ်းဖြစ်ခဲ့လျှင်သော်လည်းကောင်း အာမခံအကျိုးခံစားခွင့်များအား ရခွင့်မရှိပါ။ ပေးသွင်းပြီးပရီမီယံကိုသာ ပြန်ထုတ်ပေးမည် ဖြစ်ပါသည်။

(က) ကြိုတင်ရည်ရွယ်ချက်ဖြင့် မိမိကိုယ်ကို အနာတရဖြစ်အောင်ပြုလုပ်ခြင်း။

(ခ) မိမိကိုယ်ကို သတ်သေခြင်းကြောင့်ဖြစ်ခြင်း။

(ဂ) မူးယစ်ဆေးဝါး သုံးစွဲခြင်းကြောင့်ဖြစ်ခြင်း။

: customerservices@fnilife.com, marketing@fnilife.com : www.fnilife.com
: Building A/9, Than Thu Mar Road, (24) Quarter, Thingangyun Township, Yangon, Myanmar.11071
: Hot Line// 09-269843974, 01-570521,01-570998, Fax : 570298

လျော်ကြေးကိစ္စတစ်စုံတစ်ရာ ပေါ်ပေါက်ပါက FNI Life သို့ ချက်ချင်းအကြောင်းကြားရမည်။

(ဃ) ဘေးအန္တရာယ် ဖြစ်စေသော ဆေးကိုမှီဝဲခြင်းကြောင့်ဖြစ်ခြင်း။

(င) ကိုယ်တိုင်ရာဇဝတ်မှု ကျူးလွန်ခြင်းကြောင့်ဖြစ်ခြင်း။

(စ) အာမခံဝယ်ယူစဉ်က ဖော်ပြရန်ထိန်ချန်ခဲ့သော ရှိရင်းစွဲရောဂါကြောင့် ဖြစ်ခြင်း

**အာမခံထားရှိလိုပါက**

FNI (Life) ရုံးချုပ် နှင့် ရုံးခွဲများသို့လည်းကောင်း၊ FNI (Life) နှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိသော အာမခံကိုယ်စားလှယ်များသို့လည်းကောင်း ဆက်သွယ်၍ အာမခံထားရှိနိုင်ပါသည်။